# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 21, 2019 | Volume 20, Number 15


**၂၁.၆.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၁၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/ကျပ် |
| CBM Rate | = ၁၅၂၁.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၇.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၂၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁-၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အိန္ဒိယနိုင်ငံ၏စီးပွားရေးကို ဒေါ်လာ ၅ ထရီလီယံရောက်ရှိအောင် မြှင့်တင်ရာ၌ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားခြင်း

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ၁၅.၆.၂၀၁၉ နေ့၌ ကျင်းပသည့် ပဥ္စမအကြိမ်မြောက် အစိုးရ၏မူဝါဒရေးရာ အုပ်ချုပ်မှုကောင်စီအစည်းအဝေးတွင် နိုင်ငံ၏ စီးပွားရေးပမာဏအား လက်ရှိဂျီဒီပီတန်ဖိုးအားဖြင့် ဒေါ်လာ ၂.၇ ထရီလီယံ ရှိရာမှ နှစ်ဆတိုးလျက် ၂၀၂၄ ခုနှစ်၌ ၅ ထရီလီယံအထိရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန် ပြည်နယ်ဝန်ကြီးချုပ်များသို့ တိုက်တွန်းပြောကြားခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ဝန်ကြီးချုပ်မိုဒီက စိုးရိမ်ပူပန်ဖွယ်ရာဖြစ်နေသည့် လယ်ယာကဏ္ဍ၌ အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားရန် အတွက် အဆင့်မြင့်ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းပြောကြားပါ သည်။

အဆိုပါကော်မတီတွင် ပြည်နယ်ဝန်ကြီးချုပ်အချို့သည် အဖွဲ့ဝင်အဖြစ် ပါဝင်မည် ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအတွက် လိုအပ်သော ဥပဒေပိုင်း ဆိုင်ရာ ပြောင်းလဲပြင်ဆင်မှုများကို စစ်ဆေးလေ့လာသွားမည်ဖြစ်သည်။ ဝန်ကြီးချုပ် မိုဒီက မိုးခေါင်ပြီး စိုက်ပျိုးရေနည်းပါးမှုကြောင့် နိုင်ငံ၌ကြုံတွေ့နေရသည့် သီးနှံအထွက် ကျဆင်းနေမှုကိုလည်း ထိရောက်သည့် နည်းလမ်းများဖြင့် ကိုင်တွယ် ဖြေရှင်းရန် လိုကြောင်း၊ ထို့အပြင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်း စနစ်များကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်ရန်လိုကြောင်း၊ ယခု ဖွဲ့စည်းမည့် ကော်မတီသည် လယ်ယာကဏ္ဍ၌ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ထောက်ပံ့ ပို့ဆောင်မှုလုပ်ငန်းများ ခိုင်မာအားကောင်းရေး၊ တောင်သူလယ်သမားများအား အထောက်အပံ့ဖြစ်စေမည့် ဈေးကွက်များ ပြည့်စုံလုံလောက်မှုရှိစေရေးစသည့် အခြေခံပြုပြင်ပြောင်းလဲမှုများကို ဘက်စုံကဏ္ဍစုံမှ လုပ်ကိုင်ဖော်ဆောင်သွားရန် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman ၏ ပြောဆိုမှုအရ အအေးခန်းသယ်ယူပို့ဆောင်မှုစနစ်နှင့် သိုလှောင်ရုံလုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံစေရေးအတွက် အစိုးရမှအထောက်အပံ့ များ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Source: PM sets up panel on big agri sector reforms, 16 Jun 2019, Business

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိသည့်ကုမ္ပဏီစာရင်းကို ဇူလိုင်လအတွင်းပေးပို့မည်




တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိသည့် ပြည်တွင်းကုမ္ပဏီများ စာရင်းကို လာမည့်ဇူလိုင်လအတွင်း တရုတ်နိုင်ငံဘက်သို့ အကြောင်းကြားပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ သတင်းရရှိသည်။ လက်ရှိတွင် မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် MITS အနေဖြင့် လျှောက်ထားသည့် ကုမ္ပဏီ ၄၂ ခု၏ ဆန်စက်စုစုပေါင်း ၁၀၃ စက်ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ကာ ရွေးချယ်ရေးကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါရွေးချယ်မှုပြီးစီးလျှင် ယခုနှစ်ဇူလိုင်လဆန်းအတွင်း တရုတ်နိုင်ငံဘက်သို့ အကြောင်းကြားပေးပို့ခြင်းအား အစိုးရ၊ ပုဂ္ဂလိက တာဝန်ရှိသူများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် တရုတ်နိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း အသင်းချုပ်မှဆိုသည်။ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် မြန်မာနိုင်ငံမှဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ် (SPSProtocol) တွင် ပါဝင်သည့်အချက်များအရ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့်ကုမ္ပဏီများ၊ ဆန်စက်များအား တရုတ်နိုင်ငံ GACC ၏ လိုအပ်ချက်များနှင့်အညီ စီစစ်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းသို့တင်ပို့ခွင့်ပြုရာမှာ နိုင်ငံတကာအဆင့်မီတင်ပို့ ရောင်းချနိုင်မည့် အရည်အသွေးမီ တန်းမြင့်ဆန် ကြိတ်ခွဲနိုင်သည့်ဆန်စက်များကို စီစစ်ရွေးချယ်၍ တင်ပို့ခွင့်ပြုသွားမည် ဖြစ်ကြောင်းသိရသည်။

Expoter ကုမ္ပဏီတွေကနေ သတ်မှတ်ပမာဏကို အချိန်မီအတွင်းမှာ တင်ပို့နိုင်မယ့် ဆန်စက်တွေပေါ့။ အဲဒီ ဆန်စက်တွေရဲ့ အရည်အသွေးကိုစစ်ဆေးတာပါ။ တင်ပို့ချင်တဲ့သူ လာလျှောက်လို့ရတယ်။ စစ်ပေးတယ်။ ဆန်စက်ဘယ်နှစ်လုံးလို့လဲ သတ်မှတ်မထားဘူး။ ဒါပေမဲ့ တရုတ်နိုင်ငံကို သွားလို့ရမယ့် သတ်မှတ်ချက်မကိုက်ညီရင်တော့ သွားလို့ မရဘူးပေါ့နော်ဟု တရုတ်နိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင် ဦးနေလင်းဇင်ကဆိုသည်။ ဖွန်လ ၂၀ ရက်နေ့က တရုတ်နိုင်ငံ အစိုးရပိုင်အဖွဲ့ဖြစ်သည့် COFC0 နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ဆန်တန်ချိန် (၁) သိန်းအတွက် နားလည်မှုစာချွန်လွှာ MOU ကို တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ MRF အနေဖြင့် COFCO အား မြန်မာ့ဆန်စပါးဈေးကွက် သတင်းအချက်အလက်ပေးပို့ခြင်းနှင့် မြန်မာ့ဆန်ဝယ်ယူသည့်ကိစ္စ အပေါ် ကူညီပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ COFCO အနေဖြင့် ဆန်အရောင်းအဝယ်အတွက် တရုတ်နိုင်ငံဘက်မှ ရွေးချယ်လက်ခံထားပြီးဖြစ်သည့် ကုမ္ပဏီ ၁၁ ခုနှင့် တိုက်ရိုက်ညှိနှိုင်းပြီး အရောင်းအဝယ် ပြုလုပ်မည် ဖြစ်သည်။

လတ်တလောအခြေအနေတွင် ကုမ္ပဏီ ၁၁ ခုနှင့်သာ တင်ပို့ရောင်းချနိုင်မည်ဖြစ်သော်လည်း MITS မှ စိစစ် ရွေးချယ်နေသော ကုမ္ပဏီများအနက် သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံဘက်မှ လက်ခံသည်နှင့် ဆက်လက်တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကဆိုသည်။ အသင်းချုပ်နှင့် COFCO သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတွင် ပထမအကြိမ် ဆန်တန်ချိန် (၁) သိန်းအတွက် MoU ရေးထိုးခဲ့ပြီး၊ ယခုအကြိမ်တွင် ဆန်တန်ချိန်(၁) သိန်းအတွက် ဒုတိယအကြိမ် ထပ်မံရေးထိုးခြင်းဖြစ်ကြောင်းသိရသည်။ ပထမအကြိမ် တန်ချိန် (၁) သိန်းမှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလက နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်နှင့် တရုတ်ဝန်ကြီးချုပ်တို့ တွေ့ဆုံမှုမှရရှိခဲ့သော Quota ဖြစ်ပြီး၊ ယခုဒုတိယအကြိမ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်သမ္မတတို့ ၂၀၁၉ ခုနှစ်၊ ဧပြီလအတွင်းတွေ့ဆုံမှုမှရရှိခဲ့သော ဒုတိယအကြိမ် Quota တန် ချိန်(၁) သိန်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2285014818250668?__tn__=K-R

## ကမ္ဘာ့ ရွှေဈေး ၅ နှစ်ကျော်တာအတွင်း အမြင့်ဆုံးတက်




အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေလျှော့ချဖို့ အသင့်ရှိနေကြောင်း အချက်ပြလိုက်ပြီးနောက်ပိုင်း ဇွန်လ ၂၀ ရက်မှာ ကမ္ဘာ့ရွှေဈေးဟာ ၅ နှစ်ကျော်တာ အတွင်း အမြင့်ဆုံး တက်လာခဲ့တယ်လို့ သိရပါတယ်။ ရွှေဈေးကတော့ ယခုနှစ်စပိုင်းမှာ အစနေးနေခဲ့ သော်ငြားလည်း ယခုလအတွင်း အရှိန်ပြန်ရလာခဲ့ တယ်လို့ဆိုပါတယ်။ ဒါဟာ အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခတွေရဲ့ဆိုးကျိုးတွေနဲ့အတူ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေးမှုတွေဖြစ်နေစဉ် ရင်းနှီးမြှုပ်နှံသူတွေက ရွှေဘက်ကို ပိုမိုအာရုံစိုက်လာလို့ဖြစ်တယ်လို့သိရပါတယ်။

ယခုအခါ ရွှေသတ္တုဈေးကတော့ ၆နှစ်တာအတွင်း အမြင့်ဆုံးအတိုင်းအတာကိုတက်ခဲ့ပြီး တစ်အောင်စကို ဒေါ်လာ ၁,၄၀၀ နားအထိရောက်ခဲ့တယ်လို့သိရပါတယ်။ လက်ရှိဈေးနှုန်းတွေကတော့ ၂၀၁၃ စက်တင်ဘာ နောက်ပိုင်း ၂ ဒသမ ၅ ရာခိုင်နှုန်းတက်ပြီး အမြင့်ဆုံးတက်ခြင်းဖြစ်ကြောင်းသိရပါတယ်။

**Source:** https://www.facebook.com/SFJWeekly/

## ပြည်တွင်းရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁ သိန်းခန့်အထိရောက်လာ



ပြည်တွင်းဈေးကွက်တွင် ရွှေဈေးစံချိန်တင်မြင့်တက်ပြီး ဇွန်လ ၂၀ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁ သိန်းခန့်ရှိလာသည်။ ကမ္ဘာ့ရွှေဈေးနှုန်းက ဇွန်လ ရက်သတ္တသုံးပတ်အတွင်း ၈ ရာခိုင်နှုန်းမြင့်တက်ပြီး ပြည်တွင်းဈေးနှုန်းက ၄ ရာခိုင်နှုန်းခန့်မြင့်တက်သည်။ ဇွန်လဆန်းတွင် အခေါက် ရွှေတစ်ကျပ်သားလျှင် ကျပ် ၁,၀၄၈,၀၀၀ ရှိရာမှ ဇွန်လ ၂၀ရက် နေ့လယ်တွင် ကျပ် ၁,၀၉၈,၀၀၀ သို့မြင့်တက်သည်။ ကမ္ဘာ့ရွှေဈေးကလည်း ဇွန်လဆန်းက တစ်အောင်စလျှင် ၁,၂၉၂ ဒေါ်လာမှ ၁,၃၈၂ ဒေါ်လာသို့ မြင့်တက်လာသည်။

ဇွန်လ ၂၀ ရက် တစ်ရက်တည်း၌ တစ်အောင်စလျှင် ကန်ဒေါ်လာ ၃၀ အထိ မြင့်တက်လာကြောင်း မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီဒါရိုက်တာ ဦးအုန်းမြိုင်ကပြောသည်။ ကမ္ဘာ့ရွှေဈေးတက်လာလို့တက်တာပါ။ ပြည်တွင်းကလည်း နှစ်တိုင်း ဒီအချိန်မှ တက်နေကျပါ။ အရောင်းအဝယ်ကတော့ ပါးပါတယ်ဟု ၎င်းကဆက်ပြောကြားသည်။ ထို့ပြင် ပြည်တွင်းရွှေထုတ်လုပ်မှုရပ်ဆိုင်းခြင်း၊ ရွှေလုပ်ကွက်များ သက်တမ်းမတိုးနိုင်ခြင်းကြောင့် ပြည်တွင်းရွှေလိုအပ်ချက်ကို မဖြည့်ဆည်းနိုင်သေးကြောင်း အောင်သမာဓိရွှေဆိုင် အထွေထွေမန်နေဂျာ ဦးမော်ကပြောသည်။ ရွှေဈေးဆက်တိုက်မြင့်တက်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုသည်လည်း အမေရိကန်နှင့်တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသောကုန်သွယ်ရေးစစ်ပွဲအကျိုးဆက်ဟု ၎င်းကဆိုသည်။ အမေရိကန်နှင့်တရုတ်နိုင်ငံ ဗဟိုဘဏ်များက အတိုးနှုန်းလျှော့ချမည့်သတင်းများ နိုင်ငံတကာငွေကြေးနှင့် အရင်းအနှီးဈေးကွက်တွင်ပျံ့နှံ့နေပြီး ယင်းကြောင့် ရွှေအပါအဝင်တန်ဖိုးမြင့်ကုန်ပစ္စည်းအချို့ ဈေးနှုန်းများမြင့်တက်နေသည်

ဟု ဦးကျော်ဂင်းကရှင်းပြသည်။

ပြည်တွင်းရွှေဈေးစံချိန်တင် မြင့်တက်လာချိန်တွင် အမေရိကန်ဒေါ်လာတန်ဖိုးက ဖွန်လအတွင်း ၁ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်။ ဖွန်လဆန်းက တစ်ဒေါ်လာလျှင် ၁,၅၃၅ ကျပ်ခန့်ရှိခဲ့ပြီး ဖွန်လ ၂၀ ရက်နေ့လယ်တွင် ၁,၅၁၇ ကျပ်သို့ ကျဆင်းသည်။ သွင်းကုန်အတွက် ပြည်ပသို့ငွေလွှဲပေးပို့မှုနည်းခြင်း၊ ပြည်တွင်းရွှေဈေးမြင့်တက်ခြင်းက ဒေါ်လာတန်ဖိုး ကျဆင်းစေသည်ဟုငွေလဲဂန်ဆောင်မှု လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

**Source:** http://www.7daydaily.com/story/159110

## မြန်မာနိုင်ငံရဲ့ ၄ ခုမြောက်အကြီးဆုံး ကုန်သွယ်ဘက် ဗီယက်နမ်ဖြစ်လာ

မြန်မာနဲ့ဗီယက်နမ်အကြား ကုန်သွယ်မှုကတော့ ပြီးခဲ့တဲ့ ၂၀၁၈ မှာ ကန်ဒေါ်လာသန်း ၈၆၀ ကို ရောက်ရှိခဲ့တဲ့အတွက် ဗီယက်နမ်ဟာ မြန်မာနိုင်ငံအတွက် နဂမမြောက်အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်လာခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ ဗီယက်နမ် ဒုဂန်ကြီးချုပ် Vuong Dinh Hue နဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဂန်ကြီး ဦးစိုးဂင်းတို့ ဖွန်လ ၁၈ ရက်က တွေ့ဆုံစဉ် အထက်ပါအတိုင်း ထုတ်ဖော်ခဲ့ကြခြင်းဖြစ်တယ်လို့သိရပါတယ်။ ထိုသို့တွေ့ဆုံစဉ်မှာ ဗီယက်နမ်ဟာ မြန်မာနိုင်ငံမှာ ခုနစ်ခုမြောက် အကြီးဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်လာကြောင်းကိုလည်း ထုတ်ဖော်ခဲ့ကြတယ်လို့သိရပါတယ်။

ဗီယက်နမ်ကတော့ မြန်မာနိုင်ငံမှာ ကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ နီးပါးရှိ အကြီးစားစီမံကိန်း ပရောဂျက် ၁၈ ခုအထိ လုပ်ဆောင်နေခဲ့ကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်းတို့မှာ ပူးပေါင်းဆောင်ရွက်မှုတွေအတွက်လည်း နှစ်ဘက်စလုံးက ဈီးကျူးခဲ့ကြတယ်လို့သိရပါတယ်။

**Source:** https://www.facebook.com/SFJWeekly/?ref=page_internal

## ထိုင်းနိုင်ငံ Narcissus သရက်သည် ကမ္ဘာတစ်ဝန်းဈေးကွက်၏ အသိအမှတ်ပြုမှုရရှိ တရုတ်နိုင်ငံသို့တင်ပို့မှု သိသာစွာမြင့်တက်နေ



Narcissus သရက်သည် ထိုင်းနိုင်ငံ၏ အချိုဆုံးသော သရက် အမျိုးအစားအနက် တစ်မျိုးဖြစ်ပြီး Narcissus သရက်၏ Brix Degree မှာ ၁၇-၂၀ % ရှိကာ Narcissus သရက်အသား အမျှင်သည်လည်း ထိုင်းနိုင်ငံတွင် စိုက်ပျိုးထားသော သရက် အမျိုးအစားများအနက် အနည်းဆုံးဖြစ်ပါသည်။ အသားနူးညံ့ပြီး ချိုမွှေးသော သရက်သီး အရသာရှိပါသည်။ ရင့်မှည့်သော သရက်အသားအား ဖွန်းဖြင့် အသားနှင့်အသီးခွံကွဲအောင် ခြစ်ယူနိုင်ပါသည်။

Narcissus သရက်နှင့် ထိုင်းနိုင်ငံ အခြားဒေသ အမျိုးအစား နှင့် နှိုင်းယှဉ်ပါက အသီးကြီးအမျိုးအစားဖြစ်ပြီး အသီးတစ်လုံး၏ အလေးချိန်မှာ (၂၅၀) မှ (၅၅၀) ဂရမ်အထိရှိကာ အခြား အမျိုးအစားမှာ (၁၅၀) မှ (၂၅၀) ဂရမ်သာရှိပါသည်။ ထိုင်းနိုင်ငံ၏ အခြားဒေသအမျိုးအစားသရက်သည် ရင့်မှည့်ချိန်တွင် အခွံမှာအစိမ်းရောင် သို့မဟုတ် အနီရောင်ရှိသော်လည်း Narcissus သရက်တွင် သိသာသော ရွှေဝါရောင်အခွံရှိပြီး အခြားအပိုင်းရှိ အသားမှာလည်း ရွှေဝါရောင်ပင်ဖြစ်ပါသည်။ နိုင်ငံတကာ ကုန်သွယ်မှုကိန်းဂဏန်းဖော်ပြချက်အရ ၂၀၀၉ ခုနှစ်မှစတင်၍ ထိုင်းနိုင်ငံသရက်တင်ပို့မှု စုစုပေါင်းပို့ ကုန်ပမာဏတည်ငြိမ်စွာတိုးမြင့်ခဲ့ပြီး နှစ်စဉ်တိုးမြင့်မှုနှုန်းမှာ ၁၅ % မှ ၂၅ % ရှိခဲ့ပါသည်။ ထို့နောက် စုစုပေါင်းပို့ကုန်ပမာဏမှာ ယခုရက်ပိုင်းတွင် သိသာလျင်မြန်စွာတိုးမြင့်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ထိုင်းနိုင်ငံ၏ သရက်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃၈.၉၁) သန်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ထိုပမာဏမှ အမေရိကန်ဒေါ်လာ (၆၃.၃၁) သန်းအထိ တဟုန်ထိုးတိုးမြင့်ခဲ့ပြီး ကာလတူနှင့်နှိုင်းယှဉ်ပါက ၆၂ % တိုးမြင့်ခဲ့၍ အဓိက အားဖြင့် ကိုးရီးယားဈေးကွက်၏ လိုအပ်ချက်ကြီးမားခြင်းကြောင့် တိုးမြင့်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုကဲ့သို့သောတိုးမြင့်မှုသည် တရုတ်နိုင်ငံဈေးကွက်တွင်လည်း တဖြည်းဖြည်းဖြစ်ပေါ်လာနေသော်လည်း ယခုလက်ရှိတွင် စတင်သည့်အဆင့်၌သာရှိနေပါသည်။ ၂၀၀၉ ခုနှစ်၏ စုစုပေါင်းပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ (၅.၉၄) သိန်းရှိ သော်လည်း နှစ်စဉ်တိုးမြင့်မှုနှုန်း ၁၀ - ၂၀ % တွင် တည်ငြိမ်စွာထိန်းထားနိုင်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

တိုးမြင့်မှုနှုန်းအများဆုံးဖြစ်ကာ ပို့ကုန်ပမာဏမှာဒေါ်လာ (၂၈.၂) သိန်းမှ (၄၂.၆၂) သိန်း အထိတိုးမြင့်ခဲ့ပြီး တိုးမြင့်နှုန်း ၁၅၁ % ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အထိ စုစုပေါင်းပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ (၄၅.၁) သိန်းရှိခဲ့ပြီး (၅) နှစ်အတွင်း ထပ်တစ်ဆင့်တိုးမြင့်နိုင်သည့် အခြေအနေတွင်ရှိကြောင်းသိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိုင်းဆန်ဈေးနှုန်း မြင့်တက်နေ၍ ဗီယက်နမ်နှင့် မြန်မာ့ဆန်ဈေးကွက် စိတ်ဝင်စားမှုများလာနိုင်

ကမ္ဘာ့ဆန်ဈေးကွက်ကို ဦးဆောင်နေသည့် ထိုင်းနိုင်ငံ၏ဆန်ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် ဆန်ဝယ်ယူသူများအနေဖြင့် ဗီယက်နမ်နှင့်မြန်မာ့တို့၏ ဆန်ဈေးကွက်ကို စိတ်ဝင်စားမှုပိုများလာနိုင်ကြောင်း ဆန်စပါးလုပ်ငန်း ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရသိရသည်။ သို့ရာတွင် USDA (အမေရိကန်နိုင်ငံရှိ ဆန်စပါးစိုက်ပျိုးရေးဌာန) ၏ မေလကုန်ပိုင်းတွင် ထုတ်ပြန်ချက်အရ ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ဆန်လက်ကျန်တန်ချိန် ၁၇၂ ဒသမ ၂၂ သန်း (ကမ္ဘာ့တစ်နှစ် ထုတ်လုပ်မှု၏ ၂၉ ရာခိုင်နှုန်းကျော်) သာရှိနေကြောင်း ဖော်ပြထားသည်။ ထို့အပြင် တရုတ်နိုင်ငံတောင်ပိုင်း ပြည်နယ် ၁၅ ခု၌ သီးနှံဖျက်ပိုးကျရောက်မှုကြောင့် စပါး၊ ပြောင်း၊ ကြံစိုက်ပျိုးမြေ ဟက်တာ ၉၀၀၀၀ ခန့်ပျက်စီးခဲ့ပြီး ယင်းနိုင်ငံ၏ ဆန်လက်ကျန်ပမာဏမှာ တန်ချိန် ၁၁၇ သန်းသာရှိနေသည့်အတွက် တရုတ်နိုင်ငံမှ ဆန်တင်သွင်းမှုပမာဏ လျော့ကျနိုင်ကြောင်း ဖော်ပြထားသည်။ ထိုင်းဆန်ကဈေးကြီးသွားတယ်။ မြန်မာနိုင်ငံက ဆန်ပို့တာကတော့ပုံမှန်ပါပဲ။ အများကြီးတော့မဟုတ်ပါဘူး။ သင်္ဘော ၅ စီး ဆိပ်ကမ်းကပ်မယ်သိရတယ်။ ဒီလထဲ မဟုတ်ရင် ရှေ့လထဲပဲဟု ဆန်လုပ်ငန်းကျွမ်းကျင်သူ ဦးမျိုးသူရအေးကပြောသည်။

ပြည်တွင်းမှ ဆန်ဝယ်ယူရန် သင်္ဘော ၅ စီးခန့် မြန်မာ့ဆိပ်ကမ်းသို့ ဆိုက်ကပ်မည်ဖြစ်ကာ လက်ရှိတွင် ဆန်တန်ချိန် တစ်သိန်းတင်ဆောင်ရန် MV BISCAYNE LIGHT သင်္ဘော၊ MV OCEAN CROSD သင်္ဘောနှင့် MV ATLANTIC TRADE သင်္ဘောအစရှိသဖြင့် သင်္ဘော ၃ စီးဆိုက်ရောက်နေပြီး ဆန်တင်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ ဖွန်လဆန်းတွင် ထုတ်ပြန်ချက်အရသိရသည်။ လက်ရှိ ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ဧည့်မထ ဆန် (၅ ရာခိုင်နှုန်း) တစ်တန်လျှင် ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၉၁၊ ဗီယက်နမ်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၃၃၀၊ မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၄၀ နှင့် ကမ္ဘောဒီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၃၀ ဖြင့် ရောင်းချလက်ရှိကြောင်း ကမ္ဘာ့ဆန်ဈေးကွက် ပေါက်ဈေးများအရသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## Thura News Views

**Recycled plastic pellets to be exported**

Myanmar is expected to soon begin exporting recycled plastic pellets to China under a new agreement, according to a Myanmar Times article. U Soe Min, acting chair of the Recycling Subcommittee, part of the Myanmar Plastic Entrepreneurs Association, said that arrangements are being made for the pellets to be exported abroad in the near future. Plastic pellets are raw materials that can be used to manufacture plastic products such as soda bottles, caps and food containers. The method can help keep plastics out of landfills. “We export [the pellets] to China now as a trial,” said Soe Min. “It has been only for two months. If they find out exports are desirable they will accept.”

**Yangon Regional government withdraws project spending**

The Yangon Region Government has withdrawn plans to spend about MMK 16 billion (USD 10.45 million) on construction projects and the purchase of a ferry. It will instead spend the money on development projects, according to an article in The Irrawaddy. The funds had initially been set aside to construct a new police headquarters and courthouse. In addition, the budget also included purchasing a boat to travel between Yangon and Coco Islands, Andaman Sea. However, the report said that the Finance Commission,

led by President U Win Myint, had recently met with state and regional chief ministers and called for funds to be spent on development. Some priority projects include road construction and electrification, as well as programs to expand education, health and social welfare services. The regional parliamentarian U Myint Thaung said that the K16 billion will now be used for rural electrification and construction.

**IFC takes 5 percent stake in Yoma Bank**

The International Finance Corporation (IFC) has become the first international investor in a Myanmar bank. The IFC now takes a five percent stake of Yoma Bank, a conversion of a previously agreed USD 5 million loan. The investment arm of the World Bank Group had provided the convertible loan in 2014 to help the bank scale up its ability to lend to small and medium-sized enterprises (SMEs), said an article in the Myanmar Times. Vikram Kumar, IFC Country Manager for Myanmar and Thailand, was quoted as saying that the move will allow Yoma to expand its product offerings. He also added that the lender has followed "global standards of governance diligently". It was reported that about four other local lenders are currently in discussions with foreign lenders. It was also added that the Yoma/IFC move would improve foreign firms' confidence in investing in Myanmar's financial institutions.

**Kyaukphyu deal expected to be signed soon**

The consortium behind a planned 135-megawatt project at Kyaukphyu, Rakhine State expects to sign a deal on the project soon. According to a report in Frontier, the project is being developed by Myanmar's Supreme Group and Chi-na's state-owned Sinohydro. It will utilize gas from the Shwe field to generate power in Rakhine State. U Htu Htu Aung, deputy chief executive officer for Supreme Group, was quoted as saying that the companies had signed an agreement with the Minister for Electricity and Energy U Win Khaing at the Belt and Road Forum in Beijing on August 28. However, it still requires final government approval. The Kyaukphyu project has faced numerous delays since a "notice to proceed" was issued by the ministry in January 2018. The expected completion date of the project is May 2020.

**Source: Thura Swiss News (Issue 370 Jun 20, 2019)**

## STOCK EXCHANGE (21.6.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 4,378 | 52,536,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,450 | +150 | +4.55% | 3,350 | 3,450 | 3,350 | 26,097 | 88,292,050 | 38,929,150 | 134,306 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,900 | 7,900 | 7,800 | 651 | 5,142,800 | 10,400,986 | 81,128 |
| FPB | 00004 | 24,500 | +0 | +0.00% | 23,500 | 24,500 | 23,500 | 1,158 | 28,013,000 | 2,472,053 | 60,565 |
| TMH | 00005 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 5,058 | 15,420,300 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 467.76 | +3.96 | +0.85% | 465.22 | 467.76 | 465.22 | 37,342 | 189,404,150 | 5 | 638,601 |

### Index chart




# Market Overview

As of 1:00 pm, 21st Jun. 2019

| MYANPIX | 467.76 ▲ 3.96 |
|---|---|
| Total Volume (shares) | 37,342 |
| Total Value (MMK) | 189 mil |
| Listed Company | 5 |
| Market Cap. (MMK) | 638,601 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 150 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 24,500 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 50 |